## "ပြောင်းလဲလာသော ဖောက်စွပ်ပုံစံများ"

(က) မှတ်ပုံတင်ထားသော ယာဉ်တစ်စီး၏ Chassis No. ပတ်လည်ကို ဖြတ် ဖောက် ထုတ်၍ ရုပ် ပုံစံတူ မှတ်ပုံတင်မဲ့ (without) ယာဉ်တစ်စီး၏ Chassis No. နေရာတွင် ဖောက်ဆက် ပြုလုပ်၍ အစိတ်အပိုင်းမမှန်မကန် Body Coach ပြောင်း ပုံစံတစ်ခုအနေဖြင့် ဘော်ဒီရုံ များတွင် ယခင်က အလုံးချိန်းခဲ့ကြပါသည်။

(ခ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်စစ်ဆေးရေးဌာနက စစ်ဆေးတွေ့ရှိ၍ ခွင့်မပြုတော့သည့်အခါ နောက်ထပ် Body Coach ပြောင်း ပုံစံတစ်မျိုးဖြင့် ထပ်မံပြုလုပ် လာကြပါသည်။ Chassis No. ပါသော Member တန်းကြီး တစ်ခုလုံးကို ပါးခြမ်း နှစ်ဖက်အနီးမှ ဖြတ်ထုတ်၍ မှတ်ပုံတင်မဲ့အခြားတစ်စီးတွင် ဖြတ်ထည့် ဆက်သည့်နည်းကို သုံး၍ အလုံးချိန်းလာပြီး တာဝန်ရှိသူက အလွယ်တကူ ရှာမတွေ့နိုင်အောင် ပြောင်းလဲ လုပ်ကိုင်လာကြပါသည်။

(ဂ) အထက်ပါနည်းလမ်း(၂)ခုကို စစ်ဆေးသူများက ခြေရာခံလာနိုင်သောအခါ နောက်ထပ် ဖောက်စွပ်ပုံစံတစ်မျိုး ပြုလုပ်လာကြပါသည်။ ယခု နောက်ဆုံးတွေ့ရှိရသည့် အလုံးချိန်း ဖြတ်ဆက်ပုံစံမှာ Chassis No. ပါသော မှတ်ပုံတင်ထားသောယာဉ်၏ ရှေ့ကိုယ်ထည် ဦးခေါင်းပိုင်းနှင့် ရုပ် ပုံစံတူ မှတ်ပုံတင်မဲ့ယာဉ်တစ်စီး၏ နောက်ကိုယ်ထည်ပိုင်းတို့ကို ခါးလယ်မှ ဖြတ်ဆက်ပြီး ဆောင်ရွက်လာကြပါသည်။ ယာဉ်တစ်စီးကိုရှေ့ခြမ်းနှင့် နောက်ခြမ်း ဂဟေဖြင့် တေ့ဆက်ထားသည့် ယာဉ်တစ်စီးသည် မည်သို့မျှ Road Safety မဖြစ်နိုင်ပါ။ ထို့ကြောင့် ဘောင်အမှတ်၊ Chassis No. အမှတ်အား မထိခိုက်အောင် ပြုလုပ်လာသော် လည်း Road Safety မဖြစ်သဖြင့် ၂၀၁၅ မော်တော်ယာဉ် ဥပဒေပုဒ်မ- ၁၈(င)အရ မှတ်ပုံတင်ဖျက်သိမ်းခံရမည်ဖြစ်ပါသည်။ အထက်ပါ အစိတ်အပိုင်းမမှန်မကန် Body Coach ပြောင်းလဲသည့်ကိစ္စများကို ဘော်ဒီရုံများက မှတ်ပုံတင်မဲ့ယာဉ်များကိုသုံး၍ လက်ခံ ဆောင်ရွက်မပေးသင့်ပါ ။ စစ်ဆေးကြပ်မတ်ရန်တာဝန်ရှိသည့် အဖွဲ့အစည်းများကလည်း ရှောင်တခင်ဝင်ရောက်စစ်ဆေးသင့်ပါသည်။

(ဃ) ယာဉ်ပိုင်ရှင်များသည် အာဆီယံနိုင်ငံများနည်းတူ ကားကိုအာမခံထားသင့်ပါသည်။ ယာဉ်တိမ်း မှောက်တိုက်ခိုက်မိ၍ ပြင်ရန်ခက်ခဲလျှင်လည်း တိုက်ကြေအဖြစ် သံရည်ကျိုအပ်နှံနိုင်သောကြောင့် တရားမဝင်ယာဉ်များဖြင့် အလုံးချိန်းမလုပ်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**( ဥပဒေလိုက်နာ ၊ ဘေးကင်းကွာ )**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

E:\RTAD(2018)\Cover.docx

မှတ်ပုံတင်ထားသောယာဉ်၏ အရှေ့ပိုင်းနှင့် မှတ်ပုံတင်မဲ့ (Without) ယာဉ်၏ နောက်ပိုင်းတို့ ဂဟေဆက်၍ အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲလာပုံ

